# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
# ရောဝတီတိုင်းဒေသကြီး၊လပွတ္တာခရိုင်၊လပွတ္တာမြို့နယ်၊ကြာကန်ကွင်းပေါက် ကွင်းအမှတ် (၄) နှင့် (၆) ပေါ်တွင်ဖြစ်ပွားနေသောအငြင်းပွားမှုများနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၁၆/ ၂၀၁၆)

၁။ ရောဝတီတိုင်းဒေသကြီး၊လပွတ္တာခရိုင်၊လပွတ္တာမြို့နယ်၊ကြာကန်ကွင်းပေါက်ကွင်းအမှတ် (၄) နှင့် (၆) ပေါ်တွင်ဖြစ်ပွားနေသော အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၁၃-၁၂-၂၀၁၆ရက်နေ့နှင့် ၁၄-၁၂-၂၀၁၆ ရက်နေ့တွင်လပွတ္တာမြို့၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံခြင်း၊ သက်ဆိုင်ရာ ဦးစီး ဌာနများမှဝန်ထမ်းများအားစစ်မေးခြင်း၊လယ်သမားများအားစစ်မေးခြင်းများပြုလုပ်ခဲ့ပါသည်။ ၁၅-၁၂-၂၀၁၆ ရက်နေ့တွင် ဖြစ်စဉ်ဖြစ်ပွားရာ ရွှေကျွန်းသာကျွန်းသို့ စက်လှေဖြင့်သွားရောက်၍ ရွှေကျွန်းသာရွာဘုန်းကြီးကျောင်းပေါ်တွင် ဒေသခံလယ်သမားများနှင့်တွေ့ဆုံခြင်း၊ ရိုတ်သိမ်း ခြွေလှေ့နေသောနေရာများအားလေ့လာခြင်းနှင့် နှစ်ဖက်ပိုင်ဆိုင်မှုအငြင်းပွားသည့်နေရာများသို့ ကွင်းဆင်းကြည့်ရှုခဲ့ပါသည်။ ၎င်းနောက်၁၆-၁၂-၂၀၁၆ရက်နေ့ နံနက်၁၀:၃၀နာရီ အချိန်တွင် ရောဝတီတိုင်းဒေသကြီးအစိုးရဝန်ကြီးချုပ်နှင့် တာဝန်ရှိဝန်ကြီးများအားတွေ့ဆုံကာ အမှုဖြစ်စဉ် များနှင့်ပတ်သက်၍ဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။

၂။ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏တွေ့ရှိချက်များအရကော်မရှင်၏သုံးသပ်ချက်များမှာ-

(က) ၂၀၁၃ခုနှစ်သစ်တောရေးရာဝန်ကြီးဌာနမှ သစ်တောမြေအချို့ကိုစွန့်လွှတ်၍ ပုံစံ ၇ ထုတ်ပေးကြောင်းကြားသိရသဖြင့် ၁၉၉၁ခုနှစ်က ရွှေကျွန်းသာအား သစ်တောပိုင် အဖြစ် ကြေညာပြီးနှင်ထုတ်ခြင်းခံခဲ့ရသူများက လူအင်အားဖြင့်လက်ရှိ လယ်ယာ စိုက်ပျိုးနေသူတို့၏နယ်မြေအတွင်း အုပ်စုဖွဲ့လာရောက်နေထိုင်ခြင်းသည် ပြဿနာ ၏အစဖြစ်ပါသည်။

(ခ) လက်ရှိလယ်သမားများသည် အထက်ပါထပ်မံကျူးကျော်ဝင်ရောက် လာသူများအား လူအုပ်စုဖြင့်ပြန်လည်တိုက်ခိုက်ရန် ကြိုးပမ်းခြင်းနှင့် ယင်းကျူးကျော်သူ တို့ဘက်မှ လည်းလက်ရှိလယ်သမားများစိုက်ပျိုးထားသည့် စပါးခင်းများအတွင်း ကျွဲများ ကျောင်းရန်ကြိုးစားခြင်းတို့သည် ဥပဒေမဲ့လုပ်ရပ်များဖြစ်သဖြင့် ထိုဒေသအတွင်း တရားဥပဒေလွှမ်းမိုးမှု အားနည်းနေပါသည်။

(ဂ) လူသတ်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် ရောဝတီတိုင်းဒေသကြီး အစိုးရအနေဖြင့် နောက်ထပ်မိမိပြည်သူများသေဆုံးမှုမဖြစ်စေလိုသည့် စိတ်ရင်း စေတနာ ကောင်းဖြင့်တရားမဝင်စိုက်ပျိုးထားသော စပါးခင်းများအားမည်သူမျှ ရိုတ်သိမ်းခွင့်မပြုဘဲ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စုပေါင်း တာဝန်ယူရိုတ်သိမ်းစေခြင်းဖြစ်ပါသည်။

(ဃ) စပါးများကိုခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ရိတ်သိမ်းပြီး မည်ကဲ့သို့ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မည်ကို လယ်သမားများသို့ စနစ်တကျချပြ ရှင်းလင်းမှု မရှိသဖြင့်လယ်သမားများကမကျေမနပ်ဖြစ်နေကြပါသည်။

(င) လယ်ယာစိုက်ပျိုးခြင်းမပြုရန် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က တားမြစ်ခဲ့ သော်လည်းယခုကဲ့သို့စပါးခင်းကြီးများဖြစ်လာသည် အထိကျူးကျော် စိုက်ပျိုးနိုင်ခဲ့ ခြင်းမှာတာဝန်ရှိသစ်တောဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ကြီးကြပ် စစ်ဆေးမှု အားနည်းခြင်း သို့မဟုတ် အဂတိလိုက်စားပြီးစိုက်ပျိုးခွင့်ပြုထားခြင်းများ ကြောင့်ဖြစ်နိုင်ပါသည်။

(စ) လက်ရှိစိုက်ပျိုးနေသူလယ်သမားများသည် စည်းကမ်းမလိုက်နာ၍ဖြစ်စေ၊ ဥပဒေနား မလည်၍ဖြစ်စေ၊ ယခင်ကလည်းခိုးဝှက်စိုက်ပျိုးခဲ့သည့် အစဉ်အလာကြောင့် ယခု လည်းဘာမှမဖြစ်လောက်ဟု ပေါ့ပေါ့တွေးကာစိုက်ပျိုးခဲ့သည်ဖြစ်စေ၊ မည်သည့် အကြောင်းကြောင့်စိုက်ပျိုးသည်ဖြစ်စေ စိုက်ပျိုးနိုင်ရေးအတွက်သမဝါယမမှဖြစ်စေ အရပ်ထဲမှဖြစ်စေအတိုးဖြင့်ငွေချေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများ အကြွေးဝယ် ယူခြင်းစသည်ဖြင့်စိုက်ထုတ်ရင်းနှီးကာ စိုက်ပျိုးခဲ့ကြပြီးဖြစ်၍ ယင်းအကြွေးများကို ဆပ်ရန် ၎င်းတို့တွင်ကြီးမားသောဝန်ထုပ်ဝန်ပိုးဖြစ်နေကြပါသည်။

(ဆ) ခရိုင်အစီအစဉ်ဖြင့်စတင်ရိတ်သိမ်းသည့် နေ့မှစစ်ဆေးသည့်နေ့ထိရက်ပေါင်း (၂၀) အတွင်းစပါးတင်း၈၀၀ခန့်သယ်ယူပြီးဖြစ်ရာ ရိတ်သိမ်းဧက (၂၇၇၁.၆၈) အတွက် တစ်ဧကလျှင်၄၅တင်းနှုန်းဖြင့် ၁၂၄၇၂၅.၆တင်းပြည့်မီရန် ၁၂၃၉၂၅.၆တင်းလိုအပ် နေသေးသည်ကိုတွေ့ရပါသည်။ သို့ဖြစ်၍ အချိန်မီမပြီးစီးပါက အလေအလွင့်များစွာ နှင့် ကြုံတွေ့ရနိုင်သဖြင့် တာဝန်ယူရိတ်သိမ်းသူများအတွက် တာဝန်ကြီးမားပြီး ဝန်ထုပ်ဝန်ပိုးများဖြစ်စေနိုင်ပါသည်။

(ဇ) လုပ်ငန်းကန်ထရိုက်အနေဖြင့် ၎င်းတစ်ဦးတည်းနိုင်နင်းမှုမရှိသဖြင့် ထပ်ဆင့် ကန်ထရိုက်၂ဦး ငှားရမ်းလုပ်ကိုင်သော်လည်း အထက်ပါ ကျန်ရှိစပါးတင်းပေါင်း တစ်သိန်းနှစ်သောင်းကျော်ကို အချိန်မီရိတ်သိမ်းရန် လူအင်အား၊ စက်အင်အား လုံလောက်မှုမရှိသဖြင့်စပါးများလေလွင့်မှုများပြားပြီးပြဿနာများ ပိုမိုတိုးတက်ဖြစ် ပေါ်လာနိုင်ပါသည်။

(ဈ) လက်ရှိစိုက်ပျိုးသူလယ်သမားများအနေဖြင့် ပေါ်ဆန်း၊ ကောက်ကြီး၊ သက်လတ်၊ ရွှေဝါယဉ်၊ ခွန်နီ၊ ဟိုင်းကြီးစသည်ဖြင့် ဈေးကောင်းရသောဆန်များနှင့် သာမန် ဆန်များအမျိုးမျိုးစိုက်ပျိုးခဲ့ကြသည့်အပြင် ၎င်းတို့ကိုယ်တိုင်ရိတ်သိမ်းပါက တစ်ဧက ၄၅တင်းအောက်လယ်ကွက်များရှိသကဲ့သို့ ၄၅တင်းမှ တင်း၈ဝခန့်ထိ ထွက်သော

လယ်ကွက်များလည်းရှိနေပါသည်။ စီမံခန့်ခွဲမှုနည်းလမ်းဖြင့်ရိတ်သိမ်း၍ တစ်ကေလျှင် ၄၅တင်းနှုန်းသတ်မှတ်စုစည်းရောင်းချကာ မနောသုခဆန်များကို ပေါက်ဈေးဖြင့်ပြန်လည်ဝယ်ယူပြီး လယ်သမားများထံသို့ ဝေငှပေးပါက လုပ်ငန်းစဉ်အဆင့်တိုင်းတွင်အလွဲသုံးစားမှုများဖြစ်ပေါ်လာနိုင်သကဲ့သို့ တောင်သူလယ်သမားများအကြားတွင် မမျှတမှုများ၊မကျေနပ်မှုများပေါ်ပေါက်လာနိုင်ပါသည်။

(ည) ကွင်းဆင်းစစ်ဆေးရေးအဖွဲ့အနေဖြင့် အစိုးရဌာနတာဝန်ရှိသူ၇ဦး၊ ကန်ထရိုက်၃ဦး၊ လက်ရှိလယ်သမား၆ဦး၊ ထပ်မံဝင်ရောက်လာသူ၆ဦးနှင့် ၎င်းတို့ဘက်မှ လိုက်ပါပြောဆိုသည့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူ၁ဦး စုစုပေါင်း၂၃ဦး တို့အားစစ်ဆေးခဲ့ရာလက်ရှိစိုက်ပျိုးပြီး စပါးများကိုစိုက်ပျိုးသူ လယ်သမားများအားရိတ်သိမ်းခွင့်ပြုစေလိုကြောင်းနှင့် လယ်ယာမြေပြန်လည်ခွဲဝေပေးခြင်းနှင့် ပတ်သက်၍ အစိုးရ၏စီမံခန့်ခွဲမှု ကိုလိုက်နာသွားမည်ဟုသိရှိရပါသည်။

(ဋ) လက်ရှိလယ်သမားအများစု၏ ကျောင်းနေသားသမီးများအား ကျောင်းထုတ်ရတော့မည့် အခြေအနေဖြစ်နေသဖြင့် စိုက်ပျိုးပြီးစပါးများအား မိမိတို့အစီအစဉ်ဖြင့်ရိတ်သိမ်းခွင့်ပြုပါရန်တောင်းဆိုနေကြပါသည်။

**ကော်မရှင်၏အကြံပြုတိုက်တွန်းချက်များ**

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏အကြံပြုတိုက်တွန်းချက်များမှာ-

(က) တည်ရှိဆဲကြိုးဝိုင်းသစ်တောများသည် သစ်တောဥပဒေအရ ၁၉၀၂ခုနှစ် ကတည်းကဖွဲ့စည်းထားသည့် ကြိုးဝိုင်းတောများဖြစ်သဖြင့် ယင်းဥပဒေနှင့်အညီစွန့်လွှတ်မှသာ ၂၀၁၂ခုနှစ် လယ်ယာမြေဥပဒေအရ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုနိုင်မည် ဖြစ်ရာ ရွှေကျွန်းသာသစ်တောကြိုးဝိုင်းအား သစ်တောမြေအဖြစ်မှစွန့်လွှတ်သင့်ပါသည်။

(ခ) ထိုကဲ့သို့သစ်တောမြေအဖြစ်မှပယ်ဖျက်ပြီးပါက ဒေသတွင်းရှိ လက်ရှိ လယ်သမားများနှင့် ယခင်ကနှင်ထုတ်ခံခဲ့ရသော လယ်သမားများသို့ မျှတစွာ မြေယာခွဲဝေပေးနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) ရွှေကျွန်းသာပေါ်တွင် ဥပဒေမဲ့လုပ်ရပ်များထပ်မံဖြစ်ပွားခြင်း မရှိစေရေးအတွက် တည်ငြိမ်မှုရရှိသည့်အချိန်ထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးအပြည့်အဝဆောင်ရွက်ပေးသင့်ပါသည်။

(ဃ) စပါးစိုက်ပျိုးခြင်းမပြုရန် တားမြစ်ထားသည့်ကြားမှ လက်ရှိလယ်သမားများက စပါးပင်များဖြစ်ထွန်းအောင်မြင်သည်အထိ ကျူးကျော်စိုက်ပျိုးနေခြင်းကို တားမြစ်နိုင်ခြင်းမရှိသည့်သို့မဟုတ်အားပေးအားမြှောက်ပြုသည့်သို့မဟုတ် တာဝန်ပျက်ကွက်သည့်ဝန်ထမ်းများအားဖော်ထုတ်၍ထိရောက်စွာအရေးယူသင့်ပါသည်။

(င) စပါးစိုက်ပျိုးခြင်းမပြုရန်တားမြစ်ထားသည့်ကြားမှ လိုက်နာမှုမရှိဘဲ စိုက်ပျိုးခဲ့သော လက်ရှိလယ်သမားများအားဥပဒေအရအရေးယူသင့်ပါသည်။ တစ်ချိန်တည်းမှာပင် ၎င်းတို့သည်သမဝါယမမှငွေချေးခြင်း၊ အရပ်ထဲတွင်အတိုးများဖြင့်ငွေချေးခြင်း၊ လယ်ယာသုံး စက်ကိရိယာများကို အကြွေးယူခြင်းစသည်ဖြင့် စိုက်ထုတ်ရင်းနှီး စိုက်ပျိုးထားခြင်းများကြောင့် ၎င်းတို့စိုက်ပျိုးထားသည့် စပါးခင်းများအား ၎င်းတို့ကို ရိတ်သိမ်းခွင့်ပြုပေးသင့်ပါသည်။

(စ) ထိုသို့၎င်းတို့အစီအစဉ်ဖြင့် ပြန်လည်ရိတ်သိမ်းခွင့်ပြုမည်ဆိုပါက လက်ရှိရိတ်သိမ်းပြီး စပါးများကိုမူလစိုက်ပျိုးထားသည့် လယ်သမားများသို့မှန်ကန်စွာ ပြန်လည်ခွဲဝေ ပေးနိုင်ရေး စနစ်တကျစီမံဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်၍ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရွှေကျွန်းသာဒေသတွင်း ဖြစ်ပေါ်နေသောပြဿနာများကို အဆင်ပြေချောမွေ့စွာ ကိုင်တွယ်နိုင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ အကြံပြုချက်များအား အလေးထားစဉ်းစားဆောင်ရွက်ပေးသင့် ပါကြောင်းအကြံပြုအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊၂၀၁၆ခုနှစ်၊ဒီဇင်ဘာလ၂၃ရက်